နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပညာရေးသုတေသန ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၁/၈၉)

၁၃၅၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်

(၁၉၈၉ ခုနှစ်၊ဩဂုတ်လ ၂၉ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၇၃ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပညာရေးသုတေသန ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၇၃ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပညာရေးသုတေသန ဥပဒေတွင် -

(က) ပုဒ်မ ၄ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၃) ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၄ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄) နှင့် (၇) တို့ကို အောက်ပါ ပုဒ်မခွဲငယ်များဖြင့် အစားထိုးရမည်-

(၄) ဥက္ကဋ္ဌ၊ အဖွဲ့ဝင်
ပြည်ထောင်စုမြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့

(၇) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စက်မှု၊ စိုက်ပျိုးနှင့်သက်မွေးပညာဦးစီးဌာန